**ရွက်ပြန့်ပေါင်း၏ ယေဘုယျရုပ်သွင်ပြင်လက္ခဏာများ**

- တစ်နှစ်ခံ သို့မဟုတ် နှစ်ရှည်ပင်ဖြစ်ပြီး ရွက်ပြန့်ပေါင်းအများစုမှာ စေ့ရွက်စုံအမျိုးအစား ဖြစ်သည်။ တစ်ခါတစ်ရံ သစ်မာဆန်သော ပေါင်းအချို့နှင့် ထူးခြားချက်ပေါ်မူတည်၍ ပေါက်ရောက်သောပေါင်းအချို့လည်း တွေ့ရသည်။
- အပင်ပေါက်တွင် အစေ့ရွက်နှင့် ပထမအရွက်စစ်တွေ့နိုင်သည်။
- ရွက်ပြန့်ပေါင်းများသည် ပြန့်ကားသောပုံစံ သို့မဟုတ် ဖျာပုံစံ သို့မဟုတ် ထောင်မတ် သည့်ပုံစံ ဖြင့် ပေါက်ရောက်သည်။
- ရိုးရိုးအရွက်ပုံစံနှင့် ရွက်ပေါင်းပုံစံ နှစ်မျိုးတွေ့ရပြီး အရွက်ထွက်ပုံများသည် အဆစ်တစ်ခု တည်းမှ အရွက်နှစ်ရွက်ထွက်ခြင်း(ရွက်ဆိုင်)၊ အဆစ်တစ်ခုတည်းမှ အရွက်ပတ်ပတ် လည်ထွက်ခြင်း၊ အဆစ်တစ်ခုတည်းမှ အရွက်တစ်ရွက်စီဖြင့် အလှည့်ကျထွက်ခြင်း (ရွက်လွှဲ)၊ မြေမျက်နှာပြင်အနီးမှ အရွက်များအစုလိုက်ထွက်ခြင်း စသဖြင့်အမျိုးမျိုး တွေ့ရသည်။
- ရွက်နားတစ်လျှောက်တွင် ချောမွေ့ပုံ၊ ခွေးသွားစိတ်ပုံ၊ အဟိုက်ပုံ၊ ငှက်မွေးပုံ၊ လွှသွားပုံ အမျိုးမျိုးတွေ့ရသည်။
- အရွက်ပုံသဏ္ဌာန်များတွင်လည်း နှလုံးပုံ၊ ဘဲဥပုံ၊ အဝိုင်းပုံ၊ မြှားပုံ၊ သပ်ပုံ၊ ရှည်မျောမျောပုံ၊ ကျောက်ကပ်ပုံ၊ လှံသွားပုံ၊ ထိပ်ဝိုင်းသောဥပုံ၊ ထိပ်ချွန်သောဥပုံ စသဖြင့် ပုံစံအမျိုးမျိုးရှိပြီး တစ်ခါတစ်ရံ အရွက်ငယ်များစွာ ဖြစ်ပေါ်နေပြီး ရွက်ကြောယှက်သည်။ အရွက်များတွင် ရွက်ရိုးတံနှင့် ရွက်ပြားပါရှိသည်။
- ပင်စည်ကို ကန့်လန့်ဖြတ်ကြည့်လျှင် လုံးဝန်းပုံ သို့မဟုတ် ဒေါင့်ပါသည့် စတုရန်းပုံအဖြစ် တွေ့နိုင်သည်။ မြေအောက်ပင်စည်၊ မြေလျှောက်ပင်စည်များဖြင့် အလျားလိုက် ပေါက်ရောက်လေ့ရှိသည်။ မြေအောက်တွားသွားပင်စည်အဆစ်မှ အမြစ်နှင့် အညွန့်များ ထွက်သည်။ မြေမျက်နှာပြင်အနီးရှိ မြေလျှောက်ပင်စည်အဆစ်နှင့် အဆုံးသတ်တွင် အမြစ်ပါရှိသော အပင်ပေါက်လေးများတွေ့ရသည်။
- ပန်းခိုင်ပုံစံများတွင်လည်း ပန်းပွင့်တစ်ခုတည်းရှိသောပန်းခိုင်၊ ပွင့်ညှာမဲ့ပန်းခိုင်၊ ပွင့်ညှာရှိ ပန်းခိုင်၊ ကိုင်းဖြာပန်းခိုင်၊ ထီးပုံပန်းခိုင်၊ အစုလိုက်ထီးပုံပန်းခိုင်နှင့် ဦးခေါင်းပုံပန်းခိုင် စသဖြင့် အမျိုးမျိုးရှိသည်။
- မြစ်မွှာရေသောက်စနစ်တွင် သေးငယ်သောမြစ်မွှာလေးများတွေ့ရပြီး ပင်မရေသောက် စနစ်တွင် သေးငယ်သော ဘေးမြစ်လေးများဖြင့် ဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံရှိ စိုက်ပျိုးသီးနှံများတွင် အတွေ့ရအများဆုံးပေါက်ရောက်လေ့ရှိသော ရွက်ပြန့်ပေါင်းအမျိုးအစားများမှာ သဲပုရစ်/မြေပုရစ်၊ ထိကရုန်း၊ ကတောက်ဆက်၊ လယ်လေးညှင်း/ပေါင်းလေးညှင်း၊ လယ်ပဒူ၊ ရေကညွတ်၊ မှိုနတို၊ ကြိတ်မှန်၊ မြူ၊ ထိကရုန်းကြီး၊

ခွေးသေးပန်း၊ ဟင်းနုနွယ်ဆူးပေါက်၊ ကြက်မောက်ဖြူ၊ ကုလားမျက်စိ၊ ဇောက်ပင်၊ ကောက်ရိုးနွယ်၊ ကန်စွန်းနွယ်၊ ရေကန်စွန်း၊ ပင့်ကူထိပ်ပိတ်၊ တပင်ရွှေထီး စသည့်တို့ ဖြစ်ပါသည်။